## Good Friday (April 03, 2015) Celebration of the Lord's Passion

### 1st READING: *Isaiah 52:13 --53:12*

ဟေရှာယအနာဂတ္တိကျမ်း ၅၂း၁၃–၅၃း၁၂

ကြည့်ရှုလော့။ ငါ့ကျွန်သည် အမှုဆောင်၍ အောင်လိုမ့်မည်။ ချီးမြှောက် ချီးမြှင့်ခြင်းသို့ရောက်၍၊ အထွဋ်အမြတ်ဖြစ်လိမ့်မည်။ သူသည် လူမဟုတ်သကဲ့သို့ မျက်နှာပျက်ခြင်း၊ လူသားမဟုတ်သကဲ့သို့ အဆင်း အသရေပျက်ခြင်းရှိသည်ကို၊ အများသော သူတို့သည် အံ့ဩမိန်းမောကြသည်ဖြစ်၍၊ ၁၅ထိုအတူသူသည်အများ သော လူမျိုးတို့ကို၊ သန့်ရှင်းစေလိမ့်မည်။ ရှေ့တော်၌ ရှင်ဘုရင်တို့သည် မိမိတို့နှုတ်ကို ပိတ်၍ နေရကြလိမ့်မည်။ သူတပါး မပြောဘူးသောအရာကို သူတို့သည် မြင်ကြလိမ့်မည်။ မကြားဘူးသောအရာကိုလည်း နားလည်ကြ လိမ့်မည်။ ငါတို့ဟောပြောသော သိတင်းစကားကို အဘယ်သူ ယုံသနည်း။ ထာဝရဘုရား၏ လက်တော်သည် အဘယ်သူအား ထင်ရှားတော်မူသနည်း။ ထာဝရဘုရား၏ ကျွန်သည် အညွန့်ကဲ့သို့၎င်း၊ သွေ့ခြောက်သောမြေ၌ ပေါက်သော အတတ်ကဲ့သို့၎င်း၊ ရှေ့တော်၌ ကြီးပွား၏။ ပမာဏပြုစရာ အဆင်းတင့်တယ်ခြင်းမရှိ။ ချစ်လိုဘွယ်သော မျက်နှာ လက္ခဏာနှင့် မပြည့်စုံ။ မထီမဲ့မြင် ပြုခြင်းကိုခံ၍၊ လူတို့တွင် အယုတ်ဆုံးသောသူ ဖြစ်၏။ ငြိုငြင်သောသူ၊ နာကြည်းခြင်း ဝေဒနာနှင့် ကျွမ်းဝင်သောသူဖြစ်၏။ သူတပါးမျက်နှာ လွှဲခြင်းကို ခံရသော သူကဲ့သို့ဖြစ်၏။ မထီမဲ့မြင် ပြုခြင်းကို ခံလျက်ရှိ၍ ငါတို့သည် မရိုသေကြ။ သို့သော်လည်း၊ ထိုသူသည် ငါတို့အနာရောဂါ ဝေဒနာများကို ယူတင် ဆောင်ရွက်လေ၏။ ဒဏ်ခတ်တော်မူခြင်းကို၎င်း၊ ဘုရားသခင်ဆုံးမ၍ နှိမ့်ချတော်မူခြင်းကို၎င်း ခံရသောသူ ဖြစ်သည်ဟု ငါတို့သည် ထင်မှတ်ကြပြီ။ ထိုသူသည် ငါတို့လွန်ကျူးသော အပြစ်များကြောင့်၊ နာကျင်ထိုးခြင်း၊ နှိပ်စက်ခြင်းကိုခံရလေ၏။ ငါတို့၏ ငြိမ်သက်ခြင်း၊ ချမ်းသာကို ဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍ သူခံရသောဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏။ ငါတို့ရှိသမျှသည် သိုးကဲ့သို့ လမ်းလွဲလျက်၊ ကိုယ်လမ်းသို့ အသီးသီးလိုက်သွား ကြသည်ဖြစ်၍ ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏အပြစ်များကို သူ့အပေါ် တင်တော်မူ၏။ ထိုသူသည် ညှဉ်းဆဲခြင်းနှင့် နှိမ့်ချခြင်းကိုခံ၍ နှုတ်ကို မဖွင့်ဘဲနေ၏။ အသက်သတ်ခြင်းငှါ ဆောင်သွား သော သိုးငယ်ကဲ့သို့သူ့ကို ဆောင်သွား၍၊ သိုးသည် အမွေးညှပ်သောသူရှေ့မှာမမြည်ဘဲနေသကဲ့သို့၊သူသည်နှုတ်ကိုမဖွင့်ဘဲနေ၏။မတရားစွာစီရင်ခြင်းအားဖြင့်သူ့ကိုထုတ်သွားကြ သည်။အသက်ရှင်သော သူတို့၏နေရာမှ သူ့ကိုသုတ်သင်ပယ်ရှင်းသည်ဖြစ်၍၊သူ၏အမျိုးအနွယ်ကိုအဘယ်သူပြညွှန်မည်နည်း။ ငါ၏လူမျိုးအပြစ်ကြောင့်ဒဏ်ခတ်တော်မူခြင်းကိုခံလေ၏။ပြစ်မှားခြင်းကိုမပြု။သူ၏နှုတ်၌မုသားမရှိသော်လည်း၊လူဆိုးတို့နှင့်အ တူ မြေမြှုပ်ခြင်းငှါ စီရင်ကြ၏။ သို့ရာတွင် သေပြီးမှသူဌေး၌ရှိ၏။ ထာဝရဘုရားသည် သူ့ကို နှိပ်စက်ခြင်းငှါ အလိုတော်ရှိ၍ နာစေတော်မူသည်။ သူသည်အပြစဖြေသော ယဇ် ကို ပူဇော်ပြီးမှ အမျိုးအနွယ်တော်ကို မြင်ရလိမ့်မည်။ အသက်တော်လည်း ရှည်လိမ့်မည်။ ထာဝရဘုရား ၏ အကြံတော်သည်လည်း သူ၏ လက်၌ ပြည့်စုံခြင်းသို့ ရောက်လိမ့်မည်။ မိမိစိတ်ဝိညာဉ် ခံရသောဝေဒနာ၏အကျိုးကိုမိမိမြင်၍အားရလိမ့်မည်။ ထိုဖြောင့်မတ်သောငါ၏ကျွန်ကိုသိကျွမ်းခြင်းအားဖြင့်၊သူသည်အများ သောသူတို့ကိုဖြောင့်မတ်ရာ၌တည်စေလိမ့်မည်။ သူတို့၏အပြစ်ကိုကိုယ်တိုင်ဆောင်ရွက်ရ၏။ ထိုသို့မိမိအသက်ကိုသေခြင်း၌ သွန်း၍မတရားသောသူတို့နှင့်ရေတွက်ဝင်ခြင်းသို့ရောက်သဖြင့်၊လူများတို့၏အပြစ်ကိုဆောင်ရွက်၍မတရားသောသူတို့အဘို့ တောင်းပန်သောကြောင့်၊ လူကြီးတို့ကို သူတို့အဘို့ ဖြစ်စေခြင်းငှါငါခွဲမည်။ အစွမ်း သတ္တိရှိသော သူတို့ကိုသူ၏လက်ဥစ္စာကဲ့သို့ ကိုယ်တိုင်ဝေဖန်ရသောအခွင့်ရှိလိမ့်မည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဋ်တော်ပေတည်း။

## Responsorial Psalm  Ps 31:2, 6, 12-13, 15-16, 17, 25

ဆာလံကျမ်း ၃၁

**သံပြိုင်။ ။** အိုအဖ၊ကျွန်ုပ်၏စိတ်ဝိညာဉ်ကိုကိုယ်တော်၏လက်တော်၌ကျွန်ုပ်အပ်ပါသည်။
R.  Father, into your hands I commend my spirit.

၁။ အိုထာဝရဘုရား၊ ကိုယ်တော်ကိုကျွန်ုပ်ခိုလှုံပါ၏။ ရှက်ကြောက်ခြင်းနှင့်အစဉ်ကင်းလွတ်ပါစေသော်။ ကိုယ်တော်၏ဖြောင့်မတ်တော်မူခြင်း၌တပည့်တော်ကိုရွေးနှုတ်ကယ်တင်တော်မူပါ။ **(သံပြိုင်)**
In you, O LORD, I take refuge; let me never be put to shame. In your justice rescue me. Into your hands I commend my spirit; you will redeem me, O LORD, O faithful God.

၂။ တပည့်တော်သည်ရန်သူများအတွက်ကဲ့ရဲ့စရာ၊အိမ်နီးချင်းများအတွက်ရွံ့စရာ၊မိတ်ဆွေများအတွက်ကြောက်ရွံ့စရာဖြစ်နေပါပြီ။လမ်းတွင်တပည့်တော်ကိုမြင်တွေ့သောသူတို့သည်တပည့်တော်ထံမှထွက်ပြေးကြပါ၏ ။သေလွန်ပြီးသူကဲ့သို့သူတို့သည်တပည့်တော်ကိုမေ့လျော့ကြပါပြီ။တပည့်တော်သည်စွန့်ပစ်ခြင်းခံရသည့်အိုးခြမ်းပဲ့ကဲ့သို့ဖြစ်ပါ၏ ။ **(သံပြိုင်)**
For all my foes I am an object of reproach, a laughingstock to my neighbors, and a dread to my friends; they who see me abroad flee from me. I am forgotten like the unremembered dead; I am like a dish that is broken.

၃။ သို့သော်တပည့်တော်သည်ကိုယ်တော်၌သာယုံကြည်အားကိုးပါ၏ ။ကိုယ်တော်သည်တပည့်တော်၏ဘုရားသခင်ဖြစ်ပါသည်ဟုဆိုပါ၏ ။တပည့်တော်၏နေ့ရက်ကာလများသည်ကိုယ်တော်၏ရွှေလက်တော်ထဲ၌ရှိပါ၏ ။တပည့်တော်အားရန်သူများနှင့်နှိပ်စက်ညှဉ်းဆဲသူတို့၏လက်မှကယ်တော်မူပါ။ **(သံပြိုင်)**

But my trust is in you, O LORD; I say, “You are my God. In your hands is my destiny; rescue me from the clutches of my enemies and my persecutors.”

၄။ ကိုယ်တော်သည်ရေ၌မျက်နှာတော်အလင်းကိုကိုယ်တော်သည်အစေခံတပည့်တော်အပေါ်သို့၌ထွန်းလင်းစေတော်မူပါ၊ထာဝရဘုရားကိုကိုးစားသူအပေါင်းတို့၌သတိåရှိကလော့၊ ရဲရင့်သောစိတ်နှလုံးကိုမွေးကလော့၊ **(သံပြိုင်)**
Let your face shine upon your servant; save me in your kindness. Take courage and be stouthearted, all you who hope in the LORD.

## 2nd READING: *Hebrews 4:14-16; 5:7-9*

ဟီဘရူးသြဝါဒစာ ၄း၁၄–၁၆ — ၁၅း၇–၉

ညီအစ်ကိုတို့၊-

ယခုမူကားငါတို့၏ရဟန်းချုပ်ဖြစ်၍ဘုရားသခင်၏သားတော်ဖြစ်သောယေဇူးသည်ကောင်းကင်ဘုံသို့ကြွဝင်တော်မူသောကြောင့်ငါတို့ဝန်ခံခဲ့သောယုံကြည်ခြင်းကိုစွဲမြဲစွာထားရှိကြစို့။ အကြောင်းမူကားငါတို့၏ရဟန်းချုပ်သည်ငါတို့၏အားနည်းချက်များအတွက်မစာနာနိုင်သူမဟုတ်၊ သူသည်ငါတို့နည်းတူစုံစမ်းနှောင့်ယှက်ခြင်းအမျိုးမျိုးကိုခံရသောသူဖြစ်တော်မူ၏။ သို့ရာတွင်ကိုယ်တော်သည်အပြစ်ဒုစရိုက်နှင့်ကင်းလွတ်တော်မူ၏။ ထို့ကြောင့်ငါတို့သည်ကူညီရန်လိုအပ်ချိန်၌ကရုဏာတော်နှင့်ကျေးဇူးတော်ခံစားရမည့်အကြောင်းယုံကြည်အားကိုးသောစိတ်နှင့်ဘုရားသခင်၏ကျေးဇူးတော်ပလ္လင်သို့ချဉ်းကပ်ကြကုန်စို့။ ခရစ်တော်သည်လူ့ဇာတိအဖြစ်၌နေတော်မူစဉ်မိမိအားသေခြင်းမှကယ်တင်နိုင်တော်မူသောဘုရားသခင်ထံအော်ဟစ်ကြွေးကြော်ကာမျက်ရည်ကျလျက်ဆုတောင်းပတ္တနာပြုတော်မူ၏။ ခရစ်တော်သည်ဘုရားသခင်ကိုကြောက်ရွံ့နာခံတော်မူသောကြောင့်ဘုရားသခင်သည်သူ၏ဆုတောင်းသံကိုနားညောင်းတော်မူ၏။ ကိုယ်တော်သည်ဘုရားသခင်၏သားတော်ပင်ဖြစ်သော်လည်းဆင်းရဲဒုက္ခများကိုခံထမ်းခြင်းအားဖြင့်နာခံတတ်ရန်သင်ယူတော်မူ၏။ ကိုယ်တော်သည်စုံလင်ခြင်းသို့ရောက်သောအခါမိမိကိုနာခံသောသူအပေါင်းတို့အတွက်၊ ထာဝရကယ်တင်ခြင်းကိုပေးသောအရှင်ဖြစ်လာတော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## GOSPEL: *John 18:1 –19:42*

ရှင်ယောဟန်ဧဝံဂေလိကျမ်း ၁၈း၁–၁၉း၄၂

သခင်ယေရှုးသည်ဤသို့ဆုတောင်းတော်မူပြီးနောက်တပည့်တော်တို့နှင့်အတူကေဒြုန်ချောင်းတစ်ဘက်သို့ကြွတော်မူ၏။ ကိုယ်တော်သည်တပည့်တော်တို့နှင့်အတူထိုအရပ်ရှိဥယျာဉ်တစ်ခုထဲသို့ဝင်တော်မူ၏။ ထိုနေရာသို့သခင်ယေရှုးနှင့်တပည့်တော်တို့သည်မကြာခဏသွားလေ့ရှိသဖြင့်ကိုယ်တော်အားရန်သူလက်သို့အပ်နှံမည့်ဂျုဒသည်ထိုနေရာကိုသိ၏။ထို့ကြောင့်ဂျုဒသည်ရောမစစ်တပ်တစ်တပ်ကိုလည်းကောင်း၊ရဟန်းအကြီးအကဲတို့နှင့်ဖာရိဇေဦးတို့အထဲမှခေါင်းဆောင်အချို့တို့ကိုလည်းကောင်း၊ခေါ်ဆောင်၍မီးအိမ်၊မီးတုတ်နှင့်လက်နက်များကိုကိုင်ဆောင်၍ထိုအရပ်သို့လာကြ၏။သခင်ယေရှုးသည်လည်းမိမိ၌ဖြစ်လတ္တံ့သောအကြောင်းအရာအလုံးစုံတို့ကိုသိမြင်ပြီးဖြစ်၍သူတို့ထံသို့ချဉ်းကပ်လျှက်သင်တို့သည်မည်သူ့ကိုရှာကြသနည်းဟုသူတို့အားမေးတော်မူ၏။ သူတို့ကနာဇရက်မြို့သားယေရှုးကိုရှာပါသည်ဟုဆိုကြ၏။သခင်ယေရှုးကငါသည်ထိုသူဖြစ်၏ဟုမိန့်တော်မူ၏။ကိုယ်တော်ကိုရန်သူလက်သို့အပ်နှံမည့်သူဂျုဒသည်လည်းသူတို့နှင့်အတူရပ်လျက်နေ၏။ သခင်ယေရှုးကငါသည်ထိုသူဖြစ်၏ဟုမိန့်တော်မူသောအခါသူတို့သည်နောက်သို့လန်၍မြေပေါ်တွင်လဲကြ၏။ ထို့နောက်သခင်ယေရှုးကသင်တို့သည်မည်သူကိုရှာကြသနည်းဟုတဖန်မေးတော်မူပြန်၏။ သူတို့ကလည်းနာဇရက်မြို့သားယေရှုးကိုရှာကြပါသည်ဟုဆိုကြ၏။ သခင်ယေရှုးကငါသည်ထိုသူဖြစ်၏ဟုသင်တို့အားငါပြောခဲ့ပြီ။ သင်တို့သည်ငါ့ကိုရှာကြလျှင်ဤသူတို့ကိုသွားခွင့်ပေးလော့ဟုသူတို့အားမိန့်တော်မူ၏။ဤသို့မိန့်တော်မူခြင်းမှာအကျွန်ုပ်အားကိုယ်တော်ပေးအပ်တော်မူသောသူတစ်စုံတစ်ယောက်မျှပျက်စီးခြင်းသို့မရောက်ရပါဟုယခင်ကကိုယ်တော်မိန်ဆိုခဲ့သည့်စကားပြည့်စုံစေရမည့်အကြောင်းတည်း။

ထိုအခါစီမုန်ပေတရုသည်မိမိ၌ပါလာသောဓါးကိုဆွဲထုတ်၍ရဟန်းအကြီးအကဲ၏အစေခံတစ်ယောက်ကိုခုတ်လိုက်ရာထိုသူ၏လက်ျာနားရွက်ပြတ်လေ၏။ထိုအစေခံ၏အမည်ကားမာလကုဖြစ်သတည်း။သခင်ယေရှုးကလည်းသင်၏ဓါးကိုဓါးအိမ်၌ပြန်သွင်းလော့။ခမည်းတော်သည်ငါ့အားပေးတော်မူသောခွက်ဖလားကိုငါမသောက်ရအံ့လောဟုပေတရုအားမိန့်တော်မူ၏။ ထို့နောက်ရောမတပ်မှူးနှင့်တပ်သားများတို့သည်ဂျူးလူမျိုးခေါင်းဆောင်များလိုက်ပါလျှက်သခင်ယေရှုးကိုဖမ်းဆီးချည်နှောင်ပြီးအန္နားထံသို့ဦးစွာခေါ်ဆောင်သွားကြ၏။အန္နားသည်ကား၊ထိုနှစ်တွင်ရဟန်းအကြီးအကဲဖြစ်သောကာအိဖ၏ယောက္ခမဖြစ်၏။ ကာအိဖသည်ကားလူအပေါင်းတို့အတွက်လူတစ်ယောက်အသေခံရခြင်းသည်ပို၍ကောင်း၏ဟုဂျူးလူမျိုးတို့အားအကြံပေးခဲ့သူဖြစ်သတည်း။ စီမုန်ပေတရုနှင့်အခြားတပည့်တော်တစ်ဦးသည်သခင်ယေရှုး၏နောက်တော်သို့လိုက်ကြ၏။ ထိုတပည့်တော်သည်ရဟန်းအကြီးနှင့်သိကျွမ်းသဖြင့်သခင်ယေရှုးနှင့်အတူရဟန်းအကြီးအကဲ၏အိမ်တော်ဝင်းအတွင်းသို့ဝင်လေ၏။ ပေတရုမူကားဝင်းတံခါးပြင်တွင်ရပ်နေခဲ့သောကြောင့်ရဟန်းအကြီးအကဲနှင့်သိကျွမ်းသူတပည့်တော်သည်ဝင်းအပြင်သို့ထွက်သွားပြီးလျှင်တံခါးစောင့်အမျိုးသမီးအားအခွင့်တောင်းကာပေတရုကိုအိမ်တော်ဝင်းသို့ခေါ်ဆောင်ခဲ့လေ၏။

ထိုအခါတံခါးစောင့်အမျိုးသမီးကပေတရုအားသင်သည်ထိုသူ၏တပည့်တစ်ဦးမဟုတ်လောဟုမေးလျှင်ပေတရုကငါမဟုတ်ဟုဆို၏။ ထို့နောက်ရဟန်းအကြီးအကဲ၏အစေခံများနှင့်အ စောင့်များတို့သည်အလွန်ချမ်းအေးသောကြောင့်မီးသွေးမီးဖိုပတ်လည်တွင်ရပ်၍မီးလှုံနေကြ၏။ပေတရုသည်လည်းသူတို့နှင့်အတူရပ်၍မီးလှုံလျက်နေ၏။ ထိုအခါရဟန်းအကြီးအကဲသည်သခင်ယေရှုးအားတပည့်တော်တို့အကြောင်းနှင့်ဒေသနာတော်အကြောင်းကိုမေးမြန်းလေ၏။သခင်ယေရှုးကသူတို့အားပြန်ပြောတော်မူသည်ကားငါသည်လူအပေါင်းတို့ရှေ့တွင်ပွင့်လင်းစွာဟောပြောသွန်သင်ခဲ့ပါ၏။ငါသည်ဂျူးလူမျိုးတို့စုဝေးရာတရားဇရပ်များနှင့်ဗိမ္မာန်တော်တွင်အစဉ်ဟောပြောသွန်သင်ခဲ့၏။မည်သည့်အရာကိုမျှလျှို့ဝှက်စွာမဟောပြောခဲ့ပေ။သို့ဖြစ်၍အဘယ်ကြောင့်ငါ့ကိုမေးမြန်းပါသနည်း။ ငါဟောပြောခဲ့သည့်အကြောင်းအရာများကိုကြားနာခဲ့ပြီးသောသူတို့အားမေးမြန်းပါလော့သူတို့သည်ငါဟောပြောသမျှကိုသိကြ၏ဟုမိန့်တော်မူ၏။ ကိုယ်တော်သည်ဤသို့မိန့်တော်မူလျှင်အနီး၌ရပ်လျက်နေသောအစောင့်တပ်သားတစ်ယောက်ကသင်သည်ရဟန်းအကြီးအကဲကိုဤသို့ပြန်ပြောရသလောဟုဆိုကာသခင်ယေရှုး၏ပါးကိုရိုက်လေ၏။ သခင်ယေရှုးကငါ၏စကားမှားလျှင်မှားကြောင်းကိုထောက်ပြလော့၊ မှန်လျှင်အဘယ့်ကြောင့်ငါ့ကိုရိုက်သနည်းဟုပြန်ပြောတော်မူ၏။ထို့နောက်အန္နားသည်ကိုယ်တော်ကိုချည်နှောင်စေလျက်ရဟန်းအကြီးအကဲကာအိဖထံသို့ပို့စေ၏။စီမုန်ပေတရုသည်ရပ်လျက်မီးလှုံနေစဉ်တွင်လူအချို့ကသင်သည်ထိုသူ၏တပည့်တစ်ဦးမဟုတ်လော့ဟုမေးလျှင်ပေတရုကငါမဟုတ်ဟုငြင်းဆို၏။ပေတရုကဓါးဖြင့်ခုတ်၍နားရွက်ပြတ်သောသူ၏ဆွေမျိုးဖြစ်ပြီးရဟန်းအကြီးအကဲ၏အစေခံတစ်ဦးလည်းဖြစ်သောသူကသင့်အားထိုသူနှင့်အတူငါမြင်ခဲ့သည်ဟုဆို၏ပေတရုကငါမဟုတ်ဟုတဖန်ငြင်းဆို၏။

ထိုခဏချင်းတွင်ကြက်ဖတွန်လေ၏။

ထို့နောက်သူတို့သည်သခင်ယေရှုအားကာအိဖထံမှတဆင့်ရောမဘုရင်ခံ၏အိမ်တော်သို့ခေါ်ဆောင်သွားကြ၏။ထိုအချိန်ကားနံနက်စောစောအချိန်ဖြစ်၏ဂျူးလူမျိုးတို့သည်ပါစကားညစာစားပွဲတွင်ပါဝင်စားသောက်နိုင်ရန်၊ မိမိတို့ကိုယ်ကိုဝိနည်းအရစင်ကြယ်စေလိုသောကြောင့်အိမ်တော်ထဲသို့မဝင်ကြ။ သို့ဖြစ်၍ပီလာတုမင်းသည်ထိုသူတို့နှင့်တွေ့ဆုံရန်အိမ်တော်အပြင်သို့ထွက်လာပြီးလျှင်သင်တို့သည်ဤသူ့အပေါ်မည်သည့်စွပ်စွဲချက်ကိုတင်လိုပါသနည်းဟုမေး၏။ ထိုသူတို့ကဤသူသည်ပြစ်မှုကျူးလွန်သူမဟုတ်ပါလျှင်ကျွန်ုပ်တို့သည်အရှင်မင်းကြီး၏လက်သို့သူ့ကိုမအပ်ပါဟုပြန်ပြောကြ၏။ ပီလာတုမင်းကလည်းသင်တို့ကိုယ်တိုင်ပင်သူ့ကိုခေါ်ဆောင်သွားကြ၍သင်တို့၏တရားဥပဒေအတိုင်းစီရင်ကြလော့ဟုသူတို့အားဆို၏။ ဂျူးလူမျိုးတို့ကကျွန်ုပ်တို့မှာလူတစ်စုံတစ်ယောက်ကိုမျှသတ်ပိုင်ခွင့်မရှိပါဟုပြန်လျှောက်ကြ၏။ ဤသည်ကားသခင်ယေရှုသည်မည်သို့သောသေခြင်းဖြင့်သေရမည်ကိုမိမိကိုယ်တော်တိုင်မိန့်မြွက်ခဲ့သောစကားအတိုင်းပြည့်စုံခြင်းသို့ရောက်မည့်အကြောင်းတည်း။ ထိုအခါပီလာတုမင်းသည်အိမ်တော်ထဲသို့ပြန်ဝင်၍သခင်ယေရှုကိုခေါ်ပြီးလျှင်သင်သည်ဂျူးလူမျိုးတို့၏ရှင်ဘုရင်ဖြစ်သလောဟုကိုယ်တော်အားမေးလေ၏။ သခင်ယေရှုကမင်းကြီးသည်ဤစကားကိုကိုယ့်အလိုအလျောက်ဆိုသလော၊ သို့မဟုတ်လျှင်ငါ၏အကြောင်းကိုသူတစ်ပါးတို့ကမင်းကြီးအားလျှောက်ထားသလောဟုမေးတော်မူ၏။ ပီလာတုမင်းကငါသည်ဂျူးလူမျိုးဖြစ်သလော၊သင့်လူမျိုးနှင့်ရဟန်းအကြီးအကဲတို့သည်သင့်ကိုငါ့လက်သို့အပ်ခဲ့ကြပြီ။ သင်သည်အဘယ်အမှုကိုပြုမိသနည်းဟုမေးလေ၏။သခင်ယေရှုကငါ၏နိုင်ငံသည်ဤလောကနှင့်သက်ဆိုင်သည်မဟုတ်၊ ငါ၏နိုင်ငံသည်ဤလောကနှင့်သက်ဆိုင်လျှင်ငါသည်ဂျူးလူမျိုးတို့၏လက်သို့အပ်နှံခြင်းမခံရအောင်ငါ၏အမှုထမ်းများသည်တိုက်ခိုက်ကြလိမ့်မည်။ အမှန်စင်စစ်ငါ၏နိုင်ငံသည်ဤလောကနှင့်သက်ဆိုင်သည်မဟုတ်ဟုမိန့်တော်မူ၏။ ပီလာတုမင်းကသို့ဖြစ်လျှင်သင်သည်ရှင်ဘုရင်ဖြစ်သလောဟုမေး၏။ သခင်ယေရှုကမင်းကြီးဆိုသည့်အတိုင်းငါသည်ရှင်ဘုရင်ဖြစ်၏။ ငါသည်သမ္မာတရားကိုဟောပြောခြင်းငှါမွေးဖွားခြင်းခံခဲ့၍ဤလောကသို့ကြွလာ၏သမ္မာတရားနှင့်သက်ဆိုင်သူဟူသမျှသည်ငါ၏စကားကိုနားထောင်ကြ၏ဟုမိန့်တော်မူ၏။ပီလာတုမင်းကသမ္မာတရားကားအဘယ်အရာနည်းဟုမေး၏။ ထိုစကားလိုဆိုပြီးမှပီလာတုမင်းသည်ဂျူးလူမျိုးတို့ထံသို့တစ်ဖန်ထွက်လာပြီးလျှင်ဤသူ၌ပြစ်မှုတစ်စုံတစ်ခုမျှငါမတွေ့၊ သို့သော်ပါစကားပွဲအအချိန်တွင်ငါသည်လူတစ်ဦးကိုလွတ်ငြိမ်းချမ်းသာခွင့်ပေးသောထုံးစံရှိ၏။ သို့ဖြစ်၍သင်တို့အတွက်ဂျူးလူမျိုးတို့၏ရှင်ဘုရင်ဤသူကိုလွတ်ငြိမ်းချမ်းသာခွင့်ပေးစေလိုသလောဟုသူတို့အားမေးလေ၏။ ထိုသူတို့ကတဖန်ဟစ်အော်ကြသည်ကားဤသူကိုမဟုတ်၊ဘာရာဘကိုလွှတ်ပါဟုဆိုကြ၏။ ဘာရာဘသည်ကားဓားပြတစ်ဦးဖြစ်၏။

ထို့နောက်ပီလာတုမင်းသည်သခင်ယေရှုကိုခေါ်ဆောင်သွားစေပြီးလျှင်ကြိမ်နှင့်ရိုက်စေ၏။ စစ်သူရဲတို့သည်ဆူးခက်များဖြင့်ဦးရစ်သရဖူကိုပြုလုပ်၍ကိုယ်တော်၏ဦးခေါင်းတော်ပေါ်မှာတင်ကြ၏။ နီမောင်းသောဝတ်လုံကိုလည်းကိုယ်တော်အားခြုံပေးကြ၏။ ထို့နောက်သူတို့သည်အထံတော်သို့ချဉ်းကပ်၍ဂျူးလူမျိုးတို့၏ဘုရင်၊သက်တော်ရာကျော်ရှည်ပါစေဟုဆိုကြလျှက်ကိုယ်တော်၏ပါးတော်ကိုရိုက်ကြ၏။ ပီလာတုမင်းသည်တဖန်အပြင်သို့ထွက်ပြီးလျှင်လူအစုအဝေးတို့အားဆိုသည်ကားဤသူ၌အပြစ်တစ်စုံတစ်ခုမျှမတွေ့ကြောင်းကိုသင်တို့သိစေခြင်းငှါသင်တို့ထံသို့သူ့ကိုခေါ်ထုတ်ခဲ့မည်ဟုဆို၏။ ထို့အခါသခင်ယေရှုသည်ဆူးခက်ဖြင့်ပြုလုပ်ထားသောသရဖူကိုဆောင်း၍နီသောဝတ်လုံကိုဝတ်ဆင်ကာအပြင်သို့ထွက်ကြွတော်မူလျှင်ပီလာတုမင်းကဤသူကိုကြည့်ကြလော့ဟုဆို၏၊ ရဟန်းအကြီးအကဲများနှင့်ဂျူးလူမျိုးခေါင်းဆောင်များသည်ကိုယ်တော်ကိုမြင်ကြလျှင်သူ့ကိုလက်ဝါးကပ်တိုင်တင်ပါ၊သူ့ကိုလက်ဝါးကပ်တိုင်တင်ပါဟုဟစ်အော်ကြ၏။ ပီလာတုမင်းကသင်တို့ကိုယ်တိုင်သူ့ကိုခေါ်ဆောင်၍လက်ဝါးကပ်တိုင်တင်ကြလော့။ အကြောင်းမူကားငါသည်သူ့၌အပြစ်တစ်စုံတစ်ခုကိုမျှမတွေ့ဟုဆို၏။ ဂျူးလူမျိုးတို့ကလည်းငါတို့၌ပညတ်ဥပဒေရှိ၏။ ဤသူသည်မိမိကိုယ်ကိုဘုရားသခင်၏သားတော်ဟုဆိုသောကြောင့်ထိုပညတ်ဥပဒေအရသူသည်သေဒဏ်ခံထိုက်၏ဟုပီလာတုမင်းအားပြန်ပြောကြ၏။ထိုစကားကိုပီလာတုမင်းကြားလျှင်ပို၍ကြောက်ရွံ့တုန်လှုပ်လေ၏။သို့ဖြစ်၍သူသည်အိမ်တော်ထဲသို့ပြန်ဝင်ပြီးလျှင်သခင်ယေရှုအားသင်သည်မည်သည့်အရပ်မှလာသနည်းဟုမေးတော်မူ၏။သခင်ယေရှုမူကားတစ်ခွန်းကိုမျှပြန်ဖြေတော်မမူ။ထို့ကြောင့်ပီလာတုမင်းကသင်သည်ငါနှင့်စကားပြောရန်အလိုမရှိသလောငါသည်သင့်ကိုလွှတ်ပိုင်သည်ကိုလည်းကောင်း၊လက်ဝါးကပ်တိုင်တင်ပိုင်သည်ကိုလည်းကောင်းသင်မသိပါသလောဟုကိုယ်တော်အားမေးလေ၏။ သခင်ယေရှုကမင်းကြီးသည်အထက်အရပ်မှအခွင့်မရရှိပါလျှင်ငါ့ကိုမည်သို့မျှပြုပိုင်ခွင့်မရှိပါ။ ထို့ကြောင့်ငါ့ကိုမင်းကြီး၏လက်သို့အပ်နှံသောသူသည်ပို၍အပြစ်ကြီး၏ဟုသူ့အားမိန့်တော်မူ၏။ ထိုအချိန်မှစ၍ပီလာတုမင်းသည်သခင်ယေရှုကိုလွှတ်ပေးနိုင်ရန်နည်းလမ်းကိုရှာကြံလေ၏။ သို့သော်ဂျူးလူမျိုးတို့ကဆိုသည်မှာဤသူကိုလွှတ်ပေးပါလျှင်မင်းကြီးသည်ဧကရာဇ်မင်း၏အဆွေတော်မဟုတ်၊အကြောင်းမူကားမည်သူမဆိုမိမိကိုယ်ကိုရှင်ဘုရင်ဟုဆိုသောသူသည်ဧကရာဇ်မင်းကိုဆန့်ကျင်သောသူဖြစ်၏ဟုဟစ်အော်ကြ၏။

ဤစကားကိုပီလာတုမင်းကြားလျှင်သခင်ယေရှုးကိုအပြင်သို့ခေါ်ဆောင်ခဲ့ပြီးမှဟေဘရူးဘာသာအားဖြင့်ဂဗ္ဗသဟုခေါ်သောကျောက်ဖျာပေါ်ရှိတရားပလ္လင်တော်ပေါ်တွင်ထိုင်လေ၏။

ထိုနေ့သည်ကားပါစကားပွဲအကြိုနေ့မွန်းတည့်ခါနီးအချိန်ဖြစ်သတည်း။ ပီလာတုမင်းကသင်တို့၏ရှင်ဘုရင်ကိုကြည့်ကြလောဟုဂျူးလူမျိုးတို့အားဆို၏။ထိုသူတို့ကလည်းသူ့ကိုသတ်ပါသူ့ကိုသတ်ပါလက်ဝါးကပ်တိုင်တင်ပါဟုဟစ်အော်ကြ၏။ ပီလာတုမင်းကငါသည်သင်တို့၏ရှင်ဘုရင်ကိုလက်ဝါးကပ်တိုင်တင်ရမည်လောဟုသူတို့အားမေးလျှင်ရဟန်းအကြီးအကဲတို့ကငါတို့၌ဧကရာဇ်မင်းမှတစ်ပါးအခြားသောရှင်ဘုရင်မရှိပါဟုပြန်ပြော၏။ထိုအခါပီလာတုမင်းသည်လက်ဝါးကပ်တိုင်တင်စေခြင်းငှါကိုယ်တော်ကိုသူတို့လက်သို့အပ်လိုက်လေ၏။သို့ဖြစ်၍သူတို့သည်ကိုယ်တော်ကိုခေါ်ဆောင်သွားကြ၏။ ကိုယ်တော်သည်မိမိလက်ဝါးကပ်တိုင်ကိုထမ်းယူလျှက်ဦးခေါင်းခွံဟုအမည်တွင်သောအရပ်သို့ကြွတော်မူ၏။ ထိုအရပ်၌သူတို့သည်ကိုယ်တော်ကိုလက်ဝါးကပ်တိုင်တင်ကြ၏။ ကိုယ်တော်ကိုအလယ်တွင်ထားလျက်အခြားသူနှစ်ဦးတို့ကိုလည်းကိုယ်တော်၏တစ်ဖက်တစ်ချက်စီတွင်ထားကာလက်ဝါးကပ်တင်ကြ၏။ ပီလာတုမင်းသည်လည်းကမ္ပည်းလိပ်စာရေး၍ကိုယ်တော်၏လက်ဝါးကပ်တိုင်ပေါ်တွင်ကပ်ထားစေ၏။ ထိုကမ္ပည်းလိပ်စာဟူမူကားဂျူးလူမျိုးတို့၏ရှင်ဘုရင်နာဇရက်မြို့သားယေရှုးဟူ၍ဖြစ်သတည်း။ သခင်ယေရှုးကိုလက်ဝါးကပ်တိုင်တင်သောအရပ်သည်မြို့နှင့်နီးသဖြင့်လူအများတို့သည်ထိုကမ္ပည်းလိပ်စာကိုဖတ်ကြ၏။ ထိုကမ္ပည်းလိပ်စာကိုဟေဘရူးဘာသာ၊လက်တင်ဘာသာနှင့်ဂရိဘာသာတို့ဖြင့်ရေးသားထား၏။ ထို့အခါဂျူးလူမျိုးရဟန်းအကြီးအကဲတို့ကဂျူးလူမျိုးတို့၏ဘုရင်ဟုမရေးပါနှင့်၊ဤသူကငါသည်ဂျူးလူမျိုးတို့၏ဘုရင်ဖြစ်သည်ဟုဆိုခဲ့ကြောင်းကိုသာရေးပါဟုပီလာတုမင်းအားလျှောက်ထားကြ၏။ ပီလာတုမင်းကလည်းငါရေးပြီးသောအရာသည်ရေးပြီးလေပြီဟုပြန်ပြောလေ၏။

စစ်သူရဲတို့သည်သခင်ယေရှုးကိုလက်ဝါးကပ်တိုင်တင်ကြပြီးလျှင်အဝတ်တော်တို့ကိုလေးပိုင်းပိုင်း၍တစ်ယောက်တစ်ပိုင်းစီခွဲ၍လည်းကောင်းကိုယ်တော်၏အတွင်းအင်္ကျီတော်ကိုလည်းကောင်းယူကြ၏။ အတွင်းအင်္ကျီတော်သည်ကားချုပ်မထားဘဲအထက်စွန်းမှအောက်ဆုံးတိုင်အောင်ရက်လုပ်ထားခြင်းဖြစ်၏။ စစ်သူရဲတို့ကလည်းဤအင်္ကျီကိုမဆုတ်ကြနှင့်မဲချ၍ယူကြကုန်အံ့ဟုအချင်းချင်းပြောဆိုကြ၏။ ဤသည်ကားသူတို့သည်ငါ၏အဝတ်များကိုခွဲဝေယူကြ၏။ ငါ၏အင်္ကျီကိုလည်းမဲချ၍ယူကြ၏ဟူသောကျမ်းချက်ပြည့်စုံစေမည့်အကြောင်းတည်း။ စစ်သူရဲတို့သည်လည်း ထိုနည်းတူပြုကြ၏။ ထိုအချိန်၌သခင်ယေရှုး၏မယ်တော်နှင့်မယ်တော်၏ညီမဖြစ်သောကလေအိုဖ၏ဇနီးမာရိယာနှင့်မာရိယာမာဒလေးနာတို့သည်ကိုယ်တော်၏လက်ဝါးကပ်တိုင်အနီးတွင်ရပ်နေကြ၏။ သခင်ယေရှုးသည်မယ်တော်နှင့်အတူအနီးတွင်ရပ်နေသောမိမိချစ်တော်မူသည့်တပည့်တော်ကိုမြင်တော်မူလျှင်မယ်တော်အားအချင်းမိန်းမ၊ သင်၏သားကိုကြည့်ပါဟုမိန့်တော်မူ၏။ ထို့နောက်တပည့်တော်တို့အားလည်းသင်၏အမိကိုကြည့်ပါဟုမိန့်တော်မူ၏။ ထိုအချိန်မှစ၍တပည့်တော်သည်မယ်တော်ကိုမိမိ၏အိမ်တွင်ပြုစုစောင့်ရှောက်ထားလေ၏။ ထိုအချိန်တွင်ခပ်သိမ်းသောအရာတို့သည်ပြီးဆုံးပြီဖြစ်ကြောင်းကိုသိမြင်တော်မူသဖြင့်ကျမ်းစာတော်လာသည့်အတိုင်းပြည့်စုံစေရန်ငါရေငတ်သည်ဟုကိုယ်တော်မိန့်မြွက်တော်မူ၏။ထိုနေရာတွင်ပုံးရည်အပြည့်ရှိသောအိုးတစ်လုံးရှိ၏။ထို့ကြောင့်သူတို့သည်ရေမြှုပ်တစ်ခုကိုပုံးရေတွင်နှစ်၍ဟိဆုပ်ပင်ကိုင်း၏အဖျားတွင်တပ်ပြီးလျှင်ကိုယ်တော်၏နှုတ်ခမ်းဖျားတွင်တပ်ပေးကြ၏။ သခင်ယေရှုးသည်လည်းပုံးရည်ကိုခံယူတော်မူပြီးမှအားလုံးပြည့်စုံပါပြီဟုမိန့်မြွက်တော်မူလျှက်ခေါင်းတော်ကိုညွတ်၍အသက်တော်ကိုစွန့်လိုက်တော်မူ၏။

ထိုနေ့သည်ကားအဖိတ်နေ့ဖြစ်၍ဥပုသ်နေ့တွင်အလောင်းများကိုလက်ဝါးကပ်တိုင်ပေါ်၌မရှိစေခြင်းငှါ၊ဂျူးလူမျိုးတို့သည်လက်ဝါးကပ်တိုင်တင်ထားသောသူများ၏ခြေတို့ကိုချိုး၍အလောင်းများကိုယူဆောင်သွားခွင့်ပြုပါမည့်အကြောင်းပီလာတုမင်းထံတောင်းလျှောက်ကြ၏။ အကြောင်းမူကားထိုဥပုသ်သည်ကြီးမြတ်သောနေ့ထူးနေ့မြတ်ဖြစ်၏။ ထို့ကြောင့်စစ်သူရဲတို့သည်လာကြ၍ကိုယ်တော်နှင့်အတူလက်ဝါးကပ်တိုင်ပေါ်တွင်တင်ထားသောသူပထမတစ်ဦးနှင့်အခြားသောသူတစ်ဦး၏ခြေများကိုချိုးကြ၏။ သခင်ယေရှုးထံသို့လာကြသောအခါအသက်တော်ကုန်ပြီးဖြစ်ကြောင်းကိုတွေ့မြင်ကြလျှင်ခြေထောက်ကိုမချိုးကြချေ။ သို့သော်စစ်သူရဲတစ်ဦးသည်ကိုယ်တော်၏နံဘေးတော်ကိုလှံဖြင့်ထိုးလိုက်ရာသွေးနှင့်ရေသည်ချက်ချင်းထွက်လာ၏။မြင်သောသူသည်လည်းသက်သေခံ၏။ သူ၏သက်သေခံချက်သည်လည်းမှန်၏။ သင်တို့သည်ယုံကြည်မည့်အကြောင်းမှန်သောစကားပြောသည်ကိုလည်းသူသိ၏။ ဤသို့ဖြစ်ပျက်ရခြင်းမှာသူ၏အရိုးတစ်ချောင်းကိုမျှမကျိုးစေရဟုကျမ်းစာတွင်ပါရှိသည့်အတိုင်းပြည့်စုံစေရန်ဖြစ်၏။ တဖန်ကျမ်းစာလာသည်ကားထိုသူတို့သည်မိမိတို့ထိုးဖောက်သောသူကိုကြည့်ရှုကြလိမ့်မည်ဟုရေးထားသတည်း။ ထို့နောက်ယေရှုး၏တပည့်ဖြစ်သော်လည်းဂျူးလူမျိုးတို့ကိုကြောက်သောကြောင့်မထင်မရှားနေသောအာရိမာတေယမြို့သားဂျိုဇက်သည်သခင်ယေရှုး၏အလောင်းတော်ကိုယူသွားခွင့်ပြုရန်ပီလာတုမင်းကိုတောင်းလျှောက်လေ၏။ ပီလာတုမင်းကလည်းအခွင့်ပေးသဖြင့်သူသည်လာ၍သခင်ယေရှုး၏အလောင်းတော်ကိုလည်းယူဆောင်သွားလေ၏။ တစ်ချိန်ကသခင်ယေရှုးထံသို့ညအချိန်တွင်လာသောနီကိုဒေးမုသည်လည်းမုတ်နှင့်မုရန်အစေးရောထားသောဆီမွှေးနံ့သာပေါင်းအချိန်တစ်ရာခန့်ကိုယူဆောင်လာ၏။ သူတို့သည်သခင်ယေရှုး၏

အလောင်းတော်ကိုယူ၍ဂျူးလူမျိုးတို့၏သင်္ဂြိုလ်ခြင်းနှင့်ဆိုင်သောဓလေ့ထုံးစံအတိုင်းနံ့သာမျိုးနှင့်အတူပိတ်အဝတ်ဖြင့်ပတ်ရစ်ကြ၏။ ကိုယ်တော်ကိုလက်ဝါးကပ်တိုင်တင်သောအရပ်၌ဥယျာဉ်တစ်ခုရှိ၏။ထိုဥယျာဉ်၌မည်သူ့ကိုမျှမသင်္ဂြိုဟ်ဖူးသောသင်္ချိုင်းဂူအသစ်တစ်ခုရှိ၏။ ထိုနေ့သည်ဂျူးလူမျိုးတို့၏အဖိတ်နေ့ဖြစ်သောကြောင့်အလောင်းတော်ကိုအနီးတွင်ရှိသောထိုသင်္ချိုင်းဂူ၌ပင်သင်္ဂြိုလ်ကြ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။